<u>မြူစုခြင်း</u>

စိုက်ပျိုးပြီး (၅-ရက်)မြောက်နေ့တွင် မှိုပုံကို ပလပ်စတစ်ဖွင့်ပြီး မှိုအားဆေး (၁-ထုပ်)ကို ရေ(၄-ဂါလံ)ပုံး (၁-ပုံး)နှင့်ဖျော်ကာ နေရာအနှံ့ ဖြန်းပါ။ မှိုပုံခြောက်က ရေပိုလောင်းရပါမည်။

(၇-ရက်) (၈-ရက်)မြောက်ခန့်တွင် မှိုပုံမျက်နှာပြင်တစ်ပြင်လုံးတွင် သေးငယ်သောမှိုသန္ဓေခဲများကို မြင်တွေ့ရပါမည်။

မှိုသန္ဓေခဲများမြင်ရသောအခါ မှိုပုံ၏ တစ်ဖက်ထိပ် ပလပ်စတစ်တင်ထား၍ သက်ကယ်၊ ကောက်ရိုးကို ကျဲကျဲကာထားရပါမည်။ ထိုအခြေအနေတွင် အပုံရေခြောက်က ရေမှုံ/ရေမွှားအဖြစ် (၁-ပုံး)ခန့် လောင်းနိုင်ပါသည်။ များလွန်းပါက မှိုဥထိခိုက်နိုင်ပါသည်။

(၄-၅)ရက်အတွင်း ဆွတ်ခူးနိုင်သော မှိုဥအဆင့်သို့ ရောက်ပါသည်။

(၄-၅)ရက်ခန့်တွင် မှိုခူးရပါသည်။

မှိုခူးစဉ်မှာ သားစများ မကျန်ရပါ။ ပထမအကြိမ် ထွက်လာသော မှိုများအားလုံးကိုခူး၍ ကုန်ပါက မှိုအားဆေး(၁-ထုပ်)နှင့် အပုံ အစို/အခြောက် အနေအထားကြည့်၍ ရေ(၁-၂)ပုံးခန့် လောင်းပါ။

နောက် (၃-၄)ရက်ကြာ ဒုတိယအကြိမ် မှိုသန္ဓေခဲထွက်ပါသည်။ ၄င်းဒုတိယအကြိမ် မှိုများခူးပြီးပါက မှိုအားဆေး(၁-ထုပ်)ကို ရေဖျော်ဖြန်းပါ။ တတိယအကြိမ် မှိုထပ်ထွက်ပါသည်။ အားဆေးဖြန်းပြီးတိုင်း ပလပ်စတစ်ပြန်အုပ်ရမည်။

မှိုပုံသက်တမ်း (၂၆-ရက်) (သို့မဟုတ်) (၁-လ) အတွင်း စုစုပေါင်း မှို (၅-ပိဿာ) မှ (၁၀-ပိဿာ) ရရှိနိုင်ပါသည်။





## ဆက်သွယ်ရန်

ကျောက်တိုင်ကျေးရွာ၊ တောင်ငူမြို့
ဖုန်း - ၀၉၄၂၀၁၁၅၁၁၀

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
ကော်ဖီ - ရာသီ သီးနှံဌာနခွဲ

# ကောက်ရိုးမှို

## ကျင်းဖြင့်စိုက်ပျိုးနည်း



# ကောက်ရိုးမှို

ကောက်ရိုးမှိုစိုက်ပျိုးရေး

လယ်ယာထွက်ကုန်နှင့် အခြားစွန့်ပစ်ပစ္စည်းများဖြင့် အလွယ်တကူ စိုက်ပျိုးနိုင်၍ မိသားစုအားလပ်ချိန် အပိုဝင်ငွေ ရှာနိုင်သည်။

လိုအပ်သောကုန်ကြမ်း

- လုံးဝခြောက်သွေ့ ကောက်ရိုး၊ ရိုးပြတ်၊ ဖြည့်စွက်စာ ဖေဒါ၊ ငှက်ပျောရွက်/ပင်စည်၊ ပဲပင်အမျိုးမျိုး။
- မြင်းချေး၊ နွားချေး၊ ကျွဲချေး၊ အခြောက်မှုန့်နှင့် ဖွဲနုအနည်းငယ်၊

လိုအပ်သောပစ္စည်း

အလျား (၄)ပေ၊ အောက်ခြေအကျယ် (၁ပေခွဲ)၊ အပေါ် အကျယ် (၁ပေ)၊ အမြင့် (၁ပေခွဲ) ရှိ လေးထောင့်

စိုက်ပျိုးခြင်း

ညီညာပြီးသင့်တင့်သော လေဝင်လေထွက်နှင့်အလင်းရောင်ရှိသော နေရာတွင်သန့်ရှင်းပြီးထုံးဖြူး၍ ပုံစံခွက်ကိုချပါ။

ရေစိမ်ရန်

| ကုန်ကြမ်း | နွေ | မိုး | ဆောင်း |
|---|---|---|---|
| ကောက်ရိုး | ၆နာရီ | ၁နာရီ | ၃နာရီ |
| ရိုးပြတ် | ၃နာရီ | ၃၀မိနစ် | ၁နာရီ |

- ရေစိမ်စစ်ထားသော နူးညံ့ပျော့ပျောင်းသည့် ကောက်ရိုးကို လက်တဝါးအထုရအောင် ဇလားခွက်အတွင်း ဖြန့်ခင်းပါ၊ လက်ဖြင့်ဖိပါ။
- ပထမဖြန့်ခင်းထားသော ကောက်ရိုးလွှာ ပတ်လည်တွင်အကျယ် ၃လက်မခန့် ဖြည့်စွက်စာခပ်ပါးပါးဖြူးပါ။

ဖြည့်စွက်စာ

| | | |
|---|---|---|
| - ဖေဒါ၊ ငှက်ပျောရွက်ခြောက် | (၃) | ပြီ |
| - မြင်းချေး၊ နွားချေးခြောက် | (၁) | ပြီ |
| - ဖွဲနု (နှီဆီဖူး) | (၃) | ဖူး |

ရောမွှေ - ရေဖြန်းထားပါ။

ဖြည့်စွက်စာပေါ်တွင် မှိုမျိုးပါးပါးအပေါ်မှ ကောက်ရိုးနောက်တစ်လွှာ ခင်း၍ဖိပါ။

တစ်ပုံလျှင် ၅/၆ လွှာစိုက်ပြီး၊ ပြီးလျှင်းဇလားခွက်ကို မချွတ်ပါ။

မှိုမျိုးတစ်ထုပ်လျှင် တစ်ပုံနှုန်းဖြင့် တစ်ပုံနှင့်တစ်ပုံကြား (၆-၁၀) လက်မခန့်ခွာ၍ ၅ပုံခန့်စိုက်ပါ။ ပြီးလျှင် ပလပ်စတစ်ဖြင့် စိုက်ပုံတန်းကို လုံခြုံအောင်အုပ်ထားပါ။

၄ရက်ခန့် ဆက်၍အုပ်ထားပြီးနောက် ကျန်ရက်များတွင် နံနက်၊ ညနေ တစ်နေ့ (၂)ကြိမ်ခန့် ပလပ်စတစ်လှပ်၍ ချေါပါ၊ ၁၀ရက်၊ ၁၂ရက်ကြာလျှင် စိုက်ပုံများမှကောက်ရိုးမှိုများ ဆွတ်ခူး ရရှိပါမည်။

ဒေသအလိုက် စိုက်ပျိုးနည်းပေါင်းများစွာရှိ၍ ဇလားပုံစိုက်နည်းမှာ ဒေသမရွေး တစ်နှစ်လုံးအတွက်နှုန်း တည်ငြိမ်ကောင်းမွန်သောစိုက်နည်းစနစ်ဖြစ်ကြောင်း စမ်းသပ်တွေ့ရှိရပါသည်။

ကောက်ရိုးမှိုကို စက်မှုစီးပွားဖြစ် စိုက်ပျိုးနိုင်သည်။

(လက်တွေ့သုတေသနပြု စမ်းသပ်ပြီးဖြစ်သည်။)

ခြောက်သွေ့သောဖေဒါ၊ ငှက်ပျောရွက်၊ ကြံကြိတ်ဖတ်၊ လဲမှိုအူတိုင်း၊ ပဲပင်ခြောက်၊ နေကြာ၊ ဝါစေ့ခွံ၊ စက္ကူပျော့ဖတ်၊ အခြားဆွေးမြေ့လွယ်သော ကုန်ကြမ်းပစ္စည်းများ အသုံးပြုစိုက်ပျိုးနိုင်ပါသည်။

သတိပြုရန် အချက်မှာ-

ကောက်ရိုးမှို စိုက်ပျိုးရေးမှာ နည်းပညာပါသော စိုက်ပျိုးနည်းဖြစ်၍ မျိုး၊ ကုန်ကြမ်း၊ စိုက်ပျိုးပုံ၊ ပြုစုထိမ်းသိမ်းခြင်းတို့ကို ရာသီသဘာဝနှင့် မျှတအောင်စီစဉ်နိုင်ရန် အရေးကြီးပါသည်။

ကောက်ရိုးမှိုတွင်ပါဝင်သော အဟာရဓာတ်များ

| အဟာရအမျိုးအစား | မှိုအစို | အခြောက် |
|---|---|---|
| ပရိုတိန်း | ၃.၄% | ၄၉.၀၄% |
| အဆီ | ၁.၈% | ၂၀.၆၃% |
| ကာဘိုဟိုက်ဒြိတ် | ၃.၉% | ၁၅.၃% |
| အမျှင် | ၁.၄% | |
| ရေငွေ | ၈၈.၉% | |
| ပြာဓာတ် | | ၁၅.၃% |
| အင်နာဂျီ | ၄၄ cal | ၄၁၅၀ cal |

ဗီတာမင် (ဘီ) (စီ)တို့နှင့် အခြားသတ္တု (၁၀)မျိုးခန့်ပါဝင်ပါသည်။ ထို့ကြောင့် မှိုသည်အခြားသီးနှံတို့ထက် အဟာရဓာတ်များစွာပိုမို ပြည့်ဝသည်။